ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၉/၂၀၁၅)

| | |
|---|---|
| ဦးကျော်ဝင်း(MD)<br>ရာရှင်းသံရည်ကျိုစက်ရုံ၊<br>အမှတ်(၂၁၀)၊ မြောင်းတကာစက်မှုဇုန်၊<br>မှော်ဘီမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမျိုးသူ(နန်းထိုးလုပ်သား)<br>အမှတ်(၂၀၄)၊ ဗိုလ်တေဇလမ်း၊<br>(၂၀) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ အမှတ်(၂၁၀)ရှိ ရာရှင်းသံရည်ကျိုစက်ရုံ (MD)ဦးကျော်ဝင်း နှင့် အလုပ်သမား ဦးမျိုးသူ တို့ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၅၅/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်နစ်နာကြေးပေးပါရန် တောင်းဆိုခြင်းမှဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

#2993 P.002

11/08 2015 11:19

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားလာခြင်းဖြစ်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်ထုတ်နစ်နာကြေး ရသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) (၁-၆-၂၀၁၅) မှ (၂၇-၆-၂၀၁၅) ရက်နေ့ထိ လုပ်ခလစာကျန်ငွေ၁၆၆၀၀၀ိ/-(ကျပ်တစ်သိန်းခြောက်သောင်းခြောက်ထောင်တိတိ) ထုတ်ပေးရန်

(ခ) အလုပ်ရပ်စဲရာတွင် တစ်လကြိုတင်၍ နို့တစ်မပေးပဲ ရပ်စဲခဲ့သဖြင့် နို့တစ်ကြေးတစ်လစာအား နောက်ဆုံးထုတ်လစာ(OTမပါ ) ဖြင့်ပေးရန်

(ဂ) အလုပ်သမားအား အလုပ်ထုတ်လောက်သည့် အပြစ်မရှိဘဲ အလုပ်မှ ရပ်စဲခဲ့သဖြင့် လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့တွင် အာဏာသက်ရောက်မှုရှိသော အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာ၊ ဝန်ကြီးရုံး၏(၃-၇-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)အရ အလုပ်သမားအား နောက်ဆုံးထုတ်လစာ(OTမပါ ) (၄)လစာထုတ်ပေးရန်ဆုံးဖြတ်သည်။

| စဉ် | အမည် | နို့တစ်ကြေး(၁)လစာ | အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးမျိုးသူ | ၁၈၀၀၀၀ိ/-<br>(ကျပ်တစ်သိန်းရှစ်သောင်းတိတိ) | ၁၈၀၀၀၀ိ/-x၄=၇၂၀၀၀၀ိ/-<br>ကျပ်ခုနှစ်သိန်းနှစ်သောင်းတိတိ/- | ၉၀၀၀၀၀ိ/-<br>ကျပ်ကိုးသိန်းတိတိ/- |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၅၅/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ရာရှင်းသံရည်ကျိုစက်ရုံ (MD) ဦးကျော်ဝင်း မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီအမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၅)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၃၉/၂၀၁၅) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထား

များ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်ထုတ်နစ်နာကြေး ရသင့်/မရသင့် နှင့် အလုပ်ထုတ်ခံရသည့် ၂၇-၆-၂၀၁၅ ရက်အထိ အလုပ်ရှင်မှ ပေးရန်ကျန်ရှိသည့် လစာငွေ ပေးရန်ကိစ္စ။

**သုံးသပ်ချက်အမှတ်(၁)။** ၂၇-၆-၂၀၁၅ ရက်နေ့တွင် ကြိတ်လုံးကျိုးသည့် ကိစ္စတွင် အလုပ်သမားမောင်မျိုးသူတွင် တာဝန်ရှိကြောင်း အလုပ်ရှင်ဘက်မှ ခိုင်လုံသောအထောက်အထားများ တင်ပြနိုင်ခြင်းမရှိပေ။ အလုပ်မထုတ်ပါဟု အစဉ်တစိုက်ထွက်ဆိုခဲ့သော်လည်း အလုပ်သမားအား အလုပ်တွင် ပြန်လည်လက်မခံသေးကြောင်းတွေ့ရှိရပါသည်။ (၁-၆-၂၀၁၅) မှ(၂၇-၆-၂၀၁၅)ရက်နေ့အထိလုပ်ခလစာထုတ်မပေးရသေးကြောင်းလည်း နှစ်ဖက်ထွက်ဆိုချက်များအရ တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ၁-၆-၂၀၁၅ မှ ၂၇-၆-၂၀၁၅ ရက်နေ့အထိ ပေးရန်ကျန်ရှိသောလုပ်ခလစာကျန်ငွေ၁၆၆၀၀၀ိ/-(ကျပ်တစ်သိန်းခြောက်သောင်းခြောက်ထောင်တိတိ)ကို ထုတ်ပေးရန်ဆုံးဖြတ်သည်။

(ခ) အလုပ်သမား ကိုမျိုးသူအားနို့တစ်မပေးဘဲအလုပ်ထုတ်ခြင်းအတွက် နို့တစ်ကြေးနှင့် အလုပ်ထုတ်နစ်နာကြေးကို အောက်ပါအတိုင်းပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | နို့တစ်ကြေး(၁)လစာ | အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးမျိုးသူ | ၁၈၀၀၀၀ိ/-<br>(ကျပ်တစ်သိန်းရှစ်သောင်းတိတိ) | ၁၈၀၀၀၀ိ/-x၄=၇၂၀၀၀၀ိ/-<br>ကျပ်ခုနှစ်သိန်းနှစ်သောင်းတိတိ/- | ၉၀၀၀၀၀ိ/-<br>ကျပ်ကိုးသိန်းတိတိ/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

ဦးမောင်မောင်ဝင်း
အဖွဲ့ဝင်

ဦးအောင်သန်း
ဥက္ကဋ္ဌ

ဦးဌေး
အဖွဲ့ဝင်